# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပညာရေးဝန်ကြီးဌာန

# သတင်းအချက်အလက်နည်းပညာတက္ကသိုလ်

# သင်ကြားရေးဝန်ထမ်းများရာထူးတိုးမြှင့်/ပြောင်းရွှေ့လျှောက်လွှာခေါ်ယူခြင်း

၁။ ရာထူးတိုးမြှင့်ခန့်ထားခြင်းအတွက်သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသော အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိတက္ကသိုလ်၊ဒီဂရီ ကောလိပ်၊ ကောလိပ်များမှ တွဲဖက်ပါမောက္ခ၊ ကထိက၊ လက်ထောက်ကထိကနှင့် နည်းပြ/သရုပ်ပြများ လျှောက်ထားနိုင်ပါသည်။

၂။ ပြောင်းရွှေ့လျှောက်ထားလိုသူများအတွက် အဆင့်မြင့်ပညာဦးစီးဌာနက သတ်မှတ်ထားသော တက္ကသိုလ်၊ ဒီဂရီကောလိပ်အလိုက်အနည်းဆုံးတာဝန်ထမ်းဆောင်ရမည့် အသားတင်ကာလ ပြည့်မီသူ၊ အဆင့်မြင့်ပညာ ဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိက၊ လက်ထောက်ကထိက နှင့် နည်းပြ/သရုပ်ပြများ လျှောက်ထားနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များနှင့် သတ်မှတ်လျှောက်လွှာပုံစံများကို သတင်းအချက်အလက်နည်းပညာတက္ကသိုလ် ဝက်ဆိုဒ် **www.uit.edu.mm** တွင် ကြည့်ရှု ရယူနိုင်ပါသည်။

၄။ လျှောက်ထားလိုသူများသည် သတ်မှတ်လျှောက်လွှာပုံစံများဖြင့် သက်ဆိုင်ရာပါမောက္ခချုပ်/ကျောင်းအုပ်ကြီးများမှတဆင့် သတင်းအချက်အလက်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်ထံ လိပ်မူ၍ hr.admin@uit.edu.mm သို့အထောက်အထားပြည့်စုံစွာဖြင့် (**၁၂-၁၀-၂၀၂၀**)ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၅။ သတ်မှတ်ရက်ထက်ကျော်လွန်ပြီး တင်သွင်းသည့်လျှောက်လွှာများနှင့် အချက်အလက်များ ပြည့်စုံ မှန်ကန်ခြင်း မရှိသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ အခြားသိရှိလိုသည်များရှိပါက သတင်းအချက်အလက်နည်းပညာတက္ကသိုလ် စီမံရေးရာဌာနမှူး (ဖုန်း-၀၁-၉၆၆၄၂၅၄) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ရာထူးတိုးခေါ်စာနှင့် သတ်မှတ်ပုံစံများကို အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်များသို့ e-mail ဖြင့်လည်း ဖြန့်ဝေပေးပို့ထားမည် ဖြစ်ပါသည်။